# စီမံခန့်ခွဲမှု အထောက်အကူပြု ကျန်းမာရေးသတင်းစနစ်
# ပြည်သူ့ကျန်းမာရေးသတင်းစနစ်

## စီမံချက်ဆန်းစစ်ပုံစံသုံးလချုပ် (၂)

# အာဟာရစောင့်ရှောက်မှုစီမံချက်

စာတိုင် (၃-၂၀)နှင့် စာတိုင် (၃-၂၁)တို့သည် အလှည့်ကျ ရပ်ကွက်/ ကျေးရွာ(ကောက်ကွက်)များသာဖြစ်သည်။ ထို့ကြောင့် အညွှန်းကိန်း (၃-၂၁) နှင့် (၃-၂၂)တို့၏ ပိုင်းခြေများသည် ကောက်ကွက်များသာ ဖြစ်သည်။

# ကျောင်းကျန်းမာရေးစီမံချက်

# မေးခွန်း (၁)

ကျေးရွာ(အေ)ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် သူငယ်တန်း ကျောင်းသား (၅၀)ဦး၊ (၁)တန်းကျောင်းသား (၆၀)ဦး ၊ (၂)တန်းကျောင်းသား (၅၅)ဦး၊ (၃)တန်းကျောင်းသား (၅၀)ဦး၊ (၄)တန်းကျောင်းသား (၄၅)ဦး၊ (၅)တန်းကျောင်းသား (၅၀)ဦး၊ (၆)တန်းကျောင်းသား (၆၀)ဦး၊ (၇)တန်းကျောင်းသား (၅၅)ဦး၊ (၈)တန်းကျောင်းသား (၈၅)ဦး၊ (၉)တန်းကျောင်းသား (၉၀)ဦး၊ (၁၀)တန်းကျောင်းသား (၁၀၀)ဦး ပညာသင်ကြားနေပါသည်။ ကျေးရွာ(အေ) အတွင်းရှိ ကျောင်းပေါင်းနှင့် ကျောင်းသားပေါင်းကို မည်သို့ဖြည့်စွက်မည်နည်း။

| | |
|---|---|
| အခြေခံပညာအထက်တန်းကျောင်းပေါင်း | |
| အခြေခံပညာအလယ်တန်းကျောင်းပေါင်း | |
| အခြေခံပညာမူလတန်းကျောင်းပေါင်း | |
| အခြေခံပညာအထက်တန်းကျောင်းသားပေါင်း | |
| အခြေခံပညာအလယ်တန်းကျောင်းသားပေါင်း | |
| အခြေခံပညာမူလတန်းကျောင်းသားပေါင်း | |

## မေးခွန်း (၂)

ကွက်လပ်ဖြည့်ပါ။

$>, \quad =, \quad <, \quad \geq, \quad \leq, \quad \neq$

| | | |
|---|---|---|
| စာတိုင် (၁၂-၁) | | စာတိုင် (၁၂-၃) |
| စာတိုင် (၁၂-၁) | | စာတိုင် (၁၂-၄) |
| စာတိုင် (၁၂-၁) | | စာတိုင် (၁၂-၅) |
| စာတိုင် (၁၂-၁) | | စာတိုင် (၁၂-၅) |
| စာတိုင် (၁၂-၁) | | စာတိုင် (၁၂-၆) |
| စာတိုင် (၁၂-၁) | | စာတိုင် (၁၂-၇) |
| စာတိုင် (၁၂-၁) | | စာတိုင် (၁၂-၈) |
| စာတိုင် (၁၂-၁) | | စာတိုင် (၁၂-၁၁) |

# နားလေးရောဂါကာကွယ်ရေးစီမံချက်

Process of Hearing Animation - YouTube.flv

Double Click to Open

# မေးခွန်း (၃)

| စဉ် | အညွှန်းကိန်းများ | တွက်ချက်ပုံ | တွက်နည်းသင်္ကေတ |
|---|---|---|---|
| ၁၃။<br>၁၃.၁ | **နားလေးရောဂါကာကွယ်စီမံချက်**<br>မွေးရာပါနားလေးရောဂါရှိသူနှုန်း | မွေးကင်းစမှအသက်(၆)လအတွင်းရှိကလေးသူငယ်များတွင် ကျယ်လောင်သော အသံဖြင့် လှုံ့ဆော်သော်လည်း တုံ့ပြန်မှုမပြုသော ကလေးဦးရေပေါင်း (အသစ်)<br>------------------------------------------ x ၁၀၀၀<br>? | ပုံစံ ၂(၁၃-၁)<br>------------- x ၁၀၀၀<br>? |

# စိတ်ကျန်းမာရေးစီမံချက်

## မေးခွန်း (၄)

သံချောင်းဟာ အသက်(၂၅)နှစ် ရှိပါပြီ။ အသက်အရွယ်ကြီးပေမယ့် ကလေးအသိဘဲ။ ကလေးတွေနဲ့ ပုဆိုးကွင်းသိုင်းကစားလိုက်၊ သွားရေပင် ပစ်လိုက်နဲ့။ လူလစ်ရင် ကားတွေကြားလည်း အတင်းဖြတ်ပြေး၊ သူ့ကို ဂရုမစိုက်မိရင် စိတ်ကောက်လိုကောက်နဲ့ သွားလေရာရာ အမေနောက်ကတတန်းတန်း၊ လမ်းလျှောက်ချိန်၊ စကားပြောချိန် တွေလည်းနောက်ကျတယ်။ ဈေးဝယ်ခိုင်းလည်း မဝယ်တတ်ဘူး။ မှန်မှန်စားဖို့ပဲ အသိရှိတယ်။ ကျောင်းထားလို့လည်း သူများလို စာမလိုက်နိုင်ဘဲ စာမေးပွဲ တဘုန်းဘုန်း ကျ။

**ဉာဏ်ရည်နိမ့်ရောဂါ**

**လက္ခဏာ (၆)ချက်အနက် အနည်းဆုံး (၄)ချက်**

## မေးခွန်း (၅)

မထူးလေ အခန်းထဲအောင်းနေတာ တလကျော်ပြီ။ လူတွေကိုလည်း ကြောက်တယ်။ တစ်ခါတစ်လေ ‘မကြားချင်ဘူး’ ‘မကြားချင်ဘူး’နဲ့ နားနှစ်ဘက်ပိတ်ပြီး အော်ချင်လည်း အော်ရဲ့။ တစ်ခါတစ်လေလည်း သူ့အမေကို ‘အမေတို့ မကြားဘူးလား၊ ဟိုဘက်အိမ်က အတင်းပြောနေတယ်၊’လို့ပြောတယ်။ အရင်က သိမ်သိမ်မွေ့မွေ့ နေတတ်တဲ့မထူး။ အခုတော့ တစ်ဖက် အိမ်ကို စောင်းလားမြှောင်းလား ဆဲလား၊ ဆိုလားနဲ့။ ညဘက်လည်း မအိပ်ဘူး။

**စိတ်ဖောက်ပြန်ရောဂါ**



လက္ခဏာ (၅)ခုအနက်အနည်းဆုံး(၂)ခုကို လွန်ခဲ့သော(၁)လအတွင်းတွေ့ရှိ

## မေးခွန်း (၆)

ကိုတူးတစ်ယောက် တမိုင်မိုင် ဖြစ်နေတာ ရက်(၂၀) လောက် ကြာပြီ။ အပြင် လည်းမထွက်၊ ညဆိုလဲ မအိပ်၊ အစာ လည်း မစား၊ ငိုင်လိုက်၊ ငေးလိုက်၊ သက်ပြင်းလည်း အကြိမ်ကြိမ် ချလို့၊ ‘သေချင်တယ်၊ သေချင်တယ်’ပြောပြီး အဆိပ်တွေ၊ ဆေးတွေလည်း သောက်မယ် တကဲကဲနဲ့။ အလစ်မပေးရဲဘူး။ မေးလို့လည်း မရဘူး။ ‘မင်းတို့ မသိဘူး။ ငါ့ဘဝ၊ ငါ့အကြောင်းပါ။’ ‘ဒါတွေဟာ ငါ့အပြစ်တွေပါပဲ။’ လို့ တဖွဖွ ပြောနေတယ်။ သူ့မှာ စိတ်ညစ်စရာတွေလည်း မရှိပါဘူး။ ငြီးငြူနေတာတွေလည်း ‘ခို’တွေက အရှုံးပေးနိုင်တယ်။

## စိတ်ကျရောဂါ

**လက္ခဏာ (၅)ခုအနက်အနည်းဆုံး(၂)ခု [အမှတ်စဉ် ၁ (သို့)၂ အပါအဝင်] ကို လွန်ခဲ့သော(၂)ပတ်အတွင်း နေ့စဉ်နီးပါးတွေ့ရှိ**

## မေးခွန်း (၇)

ကိုတူးတစ်ယောက် မထွေးနဲ့ ယူကာစကတော့ တကယ့် လူလိမ္မာ၊ စီးပွားလည်း အရှာကောင်း၊ မယားလည်း ချစ်တတ်၊ အပေါင်းအသင်းကလည်း ဆန့်နဲ့ သိရိဂေဟာလေးပေါ့။ အခု တလော မူတွေပြောင်းလာတယ်။ အလုပ်ကိစ္စ၊ အပေါင်းအသင်း ကိစ္စနဲ့ အရက်ကလေးတမြမြကနေ နေ့စဉ်သောက်တာ (၃)နှစ် ကျော်ပြီ။ မသောက်ရရင် ကတုန်ကယင်နဲ့။ အခုဆို နေ့ညဆက်သောက်တာ။ မယားကိုလည်း ဟိုလူနဲ့ သမုတ်၊ ဒီလူနဲ့သမုတ်နဲ့လေ။ တစ်ခါတစ်လေ ရိုက်မောင်းပုတ်မောင်းနဲ့။ မနက်ကျ သူမဟုတ်သလို။

**အရက်သောက်သုံးခြင်းရောဂါ**

**လက္ခဏာ (၈)ချက်အနက် အနည်းဆုံး (၂)ချက်**

## မေးခွန်း (၈)

မနှင်းဆီ ဆေးခန်းကို ခဏ၊ ခဏလာပြရတဲ့အကြောင်းရင်းက ဇက်ကြောထိုးခေါင်းကိုက်ပြီး အရိုက်ခံထားရသလို တစ်ကိုယ်လုံး နာကျင်နေလို့ ဖြစ်ပါတယ်။ ည၊ ညဆိုလည်း အိပ်နေရင်းနဲ့ လန့်လန့်နိုးတာ တစ်ညကို လေး၊ငါးခါ။ နိုးပြီးရင်လဲ တော်တော်နဲ့ ပြန်အိပ်မပျော်တော့ အိပ်ရေးလည်းမဝ။ လူက တစ်ချိန်လုံး နုံးနေပြီး ဘာကိုမှ အာရုံမစိုက်နိုင်လို့ ရုံးကလည်း အမြဲလိုလို ခွင့်ယူရတယ်။ ဒီလိုနဲ့ ဆေးခန်းကို လာလာပြနေရတာ (၇)လ၊ (၈)လလောက်တောင် ရှိနေပြီ။

**စိုးရိမ်စိတ်လွန်ရောဂါ**

**လက္ခဏာ (၆)ချက်အနက်အနည်းဆုံး(၃)ချက်ကို အနည်းဆုံး(၆)လခံစားနေရခြင်း**

## မေးခွန်း (၉)

ကိုပြူးဟာ မငယ်တော့ပါဘူး။ အသက်(၂၀)ဝန်းကျင်ပါဘဲ။ အရင်ကတော့ အကောင်းပါပဲ။ ရွာထဲမှာလည်း ဖော်ရွေတယ်။ အလုပ်ကြိုးစားတယ်။ မိဘကိုလည်း လုပ်ကျွေးတယ်။ ခုတလော သူ့အပြုအမူတွေက ထူးခြားလာတယ်။ အဝတ်အစားလည်း မကပ်ဘူး။ သန့်သန့်ရှင်းရှင်းလည်း မနေတော့ဘူး။ သွားချင်ရာ သွား၊ စားချင်မှ စားတယ်။ တစ်ယောက်တည်း ဘာမှန်းမသိတဲ့ စကားတွေ တတွတ်တွတ်ရွတ်နေတယ်။ လက်ညှိုးတထိုးထိုးနဲ့ ပြောချင်ရာလည်း ပြောရဲ့။ သူ့စကားတွေ၊ အပြုအမူတွေကို ဘယ်လိုမှ ဆက်စပ်ပြီးနားလည်လို့မရဘူး။ ဒီလိုဖြစ်တာ *တစ်လကျော်ပြီ*။

**စိတ်ဖောက်ပြန်ရောဂါ**

**လက္ခဏာ (၅)ခုအနက်အနည်းဆုံး(၂)ခုကို လွန်ခဲ့သော(၁)လအတွင်းတွေ့ရှိ**

# အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်း

## မေးခွန်း (၁၀)

မှန်/မှားဖြေပါ။

(က) စီမံချက်ဆန်းစစ်ပုံစံသုံးလချုပ်(၂)ရှိ အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းတွင် ဖြည့်သွင်းရမည့် စာတိုင်များသည် ကျန်းမာရေးဝန်ထမ်းများ လုပ်ဆောင်ခဲ့မှုများကို မှတ်တမ်းတင်၍ သုံးလတစ်ကြိမ် ပေးပို့ရမည်ဖြစ်ပါသည်။ (          )

(ခ) တီဘီလူနာအသစ်ဆိုသည်မှာ ယခင်ကတီဘီဆေးကုသမှုမခံယူဘူးသူ (သို့) ကုသမှုခံယူခဲ့ဖူးသော်လည်းတစ်လမပြည့်သည့် တီဘီလူနာကို ဆိုလိုသည်။ (          )

(ဂ) တီဘီဆေးကုသစဉ်အတွင်းဆေးကုသရန် ၂လ (သို့) ၂လနှင့်အထက် ဆက်တိုက် ပျက်ကွက်ခြင်းကို ဆေးကုသမှုပျက်ပြီး ရှာမတွေ့ခြင်း (Loss to follow up) ဟု ခေါ်သည်။ (          )

# အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်

## မေးခွန်း (၁၁)

- ယခုလ၏ စာတိုင်(၁၆–၁)သည် ယခင်လ၏ စာတိုင် ( က )နှင့် တူရမည်။
- ယခုလတွင် အသစ်တွေ့ရှိသော အနာကြီးရောဂါလူနာသစ်သည် အသက်(၁၃)နှစ်သာရှိသေးပြီး၊ ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်(၂)ရှိနေသော မိန်းကလေးတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် စာတိုင်(၁၆–၂)တွင် ( ခ ) ဦး၊ စာတိုင်(၁၆–၃)တွင် ( ဂ ) ဦး၊ စာတိုင်(၁၆–၄)တွင် ( ဃ ) ဦး ဖြည့်သွင်းပြီးရမည် ဖြစ်ပါသည်။

(က) စာတိုင် ____________ (ခ) ____________ ဦး

(ဂ) ____________ ဦး (ဃ) ____________ ဦး

# ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်

**မေးခွန်း (၁၂)** အဖြေမှန်ကို ဝိုင်းပါ။

(၁) လိင်အင်္ဂါအနာဖြင့် လာရောက်ပြသသူစုစုပေါင်းတွင် ထိခိုက်ရှနာ (Traumatic Ulcer/s)၊ အရည်ကြည်ဖုများ တွဲလျက်ပါရှိသော အနာများ (Ulcer with Vesicular Lesion) နှင့် ယခင်ကလည်းဖြစ်ဖူးသောအနာ (History of recurrence) တို့ကို ထည့်သွင်းရန်မလိုပါ။

(မှန်) (မှား)

(၂) စာတိုင်(၁၇-၂) ______ စာတိုင်(၁၇-၃)တွင် ဖြည့်ရမည့် သင်္ကေတမှာ

$>$, $=$, $<$, $\geq$, $\leq$, $\neq$

# မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးလုပ်ငန်းများစီမံချက်

## မေးခွန်း (၁၃)

- မျက်စိကွယ်သူပေါင်း(အသစ်)ကို သတ်မှတ်မည်ဆိုလျှင် __________ ၏ အကြီးဆုံး စာလုံးကို ပိုမိုကောင်းမွန်သောမျက်စိဖြင့် (၃)မီတာ (၁၀ ပေ) အကွာအဝေးမှ မြင်နိုင်စွမ်းမရှိသူ လူနာ (အသစ်) ဦးရေပေါင်းကို ဆိုလိုပါသည်။

# တိရစ္ဆာန်မှ ကူးစက်သော ရောဂါနှိမ်နင်းရေးစီမံချက်

**မေးခွန်း (၁၄)**

မှန်/မှားဖြေပါ။

- ခွေးကိုက်ခံရသော လူနာပေါင်းတွင် ခွေးရူးကိုက်ခံရသော လူနာလည်း ထည့်သွင်းရမည် ဖြစ်ပါသည်။ (      )
- ခွေးကိုက်ခံရသောလူနာဖြစ်ပွားနှုန်းကို တွက်ချက်ရာတွင် ပိုင်းခြေသည် လူဦးရေစုစုပေါင်းဖြစ်ပါသည်။ (      )

# ကျန်းမာရေးအသိပညာမြှင့်တင်ရေးစီမံချက်

## မေးခွန်း (၁၅)

အခြေခံကျန်းမာရေးဝန်ထမ်းတစ်ဦး၏ ပျမ်းမျှတစ်နှစ်အတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဆောင်ရွက်သည့်အကြိမ်ပေါင်းကို လိုချင်လျှင် မြို့နယ်၏တစ်နှစ်အတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဆောင်ရွက်သည့်အကြိမ်ပေါင်းကို တည်၍ ________________ ဖြင့် စားရမည်။

# အတက်ရောဂါစီမံချက်

## မေးခွန်း (၁၆)

တစ်နှစ်အတွင်း ခန့်မှန်းအတက်ရောဂါရှိလူနာစုစုပေါင်းသည် လူဦးရေ __________ လျှင် ၁.၅ ယောက်နှုန်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အခြေခံကျန်းမာရေးဝန်ထမ်းများ၏
တာဝန်နှင့်ဝတ္တရားများ
(၂၀၁၈)

# အခန်း (၁၁)

# ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)၏ တာဝန်နှင့်ဝတ္တရားများ

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)သည် သားဖွားဆရာမနှင့် တွဲဖက်လျှက် ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်ကျန်းမာရေးလုပ်ငန်းများကို အဓိက တာဝန်ယူဆောင်ရွက်ရပါသည်။

၁။ **အဓိက ဆောင်ရွက်ရမည့် လုပ်ငန်းများ**

(၁-၁) ကူးစက်မြန်နှင့်ကူးစက်ရောဂါများ ကာကွယ်နှိမ်နှင်းရေး၊

(၁-၂) ဘေးအန္တရာယ်နှင့် အရေးအပေါ်ကျန်းမာရေးအခြေအနေ စီမံခန့်ခွဲခြင်း၊

(၁-၃) စီမံကိန်းဝင်ရောဂါတိုက်ဖျက်ရေး၊

(၁-၄) မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေး၊

(၁-၅) ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင် ကျန်းမာရေးလုပ်ငန်းများ၊

(၁-၆) ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်း၊

(၁-၇) ကျန်းမာရေးစာရင်းအင်း အချက်အလက်များ ကောက်ယူခြင်း၊ စုစည်းတင်ပြခြင်း။

## ၂။ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ

(၂-၁) မိခင်၊ မွေးကင်းစနှင့်(၅)နှစ်အောက်ကလေးကျန်းမာဖွံ့ဖြိုးရေး၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်း၊

(၂-၂) အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊

(၂-၃) ကျောင်းကျန်းမာရေးလုပ်ငန်း၊

(၂-၄) တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊

(၂-၅) ဆေးခန်းတွင် ဆေးကုသရေးလုပ်ငန်း၊

(၂-၆) သွားနှင့်ခံတွင်းဆိုင်ရာ ကာကွယ်ရေးလုပ်ငန်း။

## ၃။ တာဝန်ဝတ္တရားများကို လွှဲပြောင်းထမ်းဆောင်ခြင်း (Task Shifting)

သားဖွားဆရာမ ရက်ရှည်ခွင့်ယူခြင်း၊ လစ်လပ်နေခြင်းရှိပါက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၏ အစီအမံဖြင့် သားဖွားဆရာမ၏ တာဝန်ဝတ္တရားများကို လွှဲပြောင်းထမ်းဆောင်ရမည်။

ဥပမာ - ကာကွယ်ဆေးထိုးလုပ်ငန်း၊
- သားဆက်ခြားလုပ်ငန်း၊
- အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စသည်တို့ဖြစ်ပါသည်။

လချုပ်၊ သုံးလချုပ်နှင့် နှစ်ချုပ်ပုံစံများ၏လက်ခံစာအုပ် ကျန်းမာရေးကြီးကြပ်(၂)များအသုံးပြုရန်

အစည် ........................................

ရာထူး ........................................

ဌာနခွဲ ........................................

ဌာန ........................................

မြို့နယ် ........................................

တိုင်းဒေသကြီး/ ပြည်နယ် ........................................

အစီရင်ခံသည့် ခုနှစ် ..............

ဆေးခန်းမှတ်ပုံတင်၊ ကွင်းဆင်းဆောင်ရွက်မှုမှတ်တမ်းနှင့် အခြားသတ်မှတ်ပုံတင်/ မှတ်တမ်းစာအုပ်များမှ ထုတ်ယူဖော်ပြရန်ဖြစ်ပါသည်။

သုံးလချုပ်အစီရင်ခံစာ (၂)

| စဉ် | လုပ်ဆောင်ချက်အမျိုးအစား | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | **သုံးလချုပ်** | ဧပြီ | မေ | ဇွန် | **သုံးလချုပ်** |
|---|---|---|---|---|---|---|---|---|---|
| **၃။** | **အာဟာရစောင့်ရှောက်မှုစီမံချက်** | | | | | | | | |
| ၂၀ | အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှုစံမီသည့် အလှည့်ကျရပ်ကွက်/ကျေးရွာ(ကောက်ကွက်)ပေါင်း | | | | | | | | |
| ၂၀ | အရည်အသွေးပြည့်အိုင်အိုဒင်းဆားစားသုံးမှုစံမမီသည့် အလှည့်ကျရပ်ကွက်/ကျေးရွာ(ကောက်ကွက်)ပေါင်း | | | | | | | | |
| **၁၃။** | **နားလေးရောဂါကာကွယ်ရေးစီမံချက်** | | | | | | | | |
| ၂ | နားနှစ်ဘက်လုံး(သို့) တစ်ဘက်မှ (၃)လနှင့် အထက် နာတာရှည် နားပြည်ယိုသော ဦးရေပေါင်း | | | | | | | | |
| ၃ | နားပြည်မယိုဘဲ နားနှစ်ဘက်လုံးလေးသောဦးရေပေါင်း | | | | | | | | |
| **၁၄။** | **စိတ်ကျန်းမာရေးစီမံချက်** | | | | | | | | |
| ၁ | စိတ်ဖောက်ပြန်ရောဂါရှိသူပေါင်း | | | | | | | | |
| ၂ | စိတ်ကျရောဂါရှိသူပေါင်း | | | | | | | | |
| ၃ | စိုးရိမ်စိတ်လွန်ရောဂါရှိသူပေါင်း | | | | | | | | |
| ၄ | အရက်သောက်သုံးခြင်းရောဂါရှိသူပေါင်း | | | | | | | | |
| ၅ | ဉာဏ်ရည်နိမ့်ရောဂါရှိသူပေါင်း | | | | | | | | |

**သုံးလချုပ်အစီရင်ခံစာ (၂)** ခုနှစ် ------------------

| စဥ် | လုပ်ဆောင်ချက်အမျိုးအစား | ဇန်နဝါရီ | | ဖေဖော်ဝါရီ | | မတ် | | သုံးလချုပ် | | အောက်တိုဘာ | | နိုဝင်ဘာ | | ဒီဇင်ဘာ | | သုံးလချုပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **၂၀။** | **ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆိုင်ရာစီမံချက်** | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ | အကြိမ် | ဦးရေ |
| ၁ | ပြည်သူလူထုအတွင်း ကျန်းမာရေး အသိပညာ မြှင့်တင်ခြင်း ဆိုင်ရာ ဆွေးနွေးပွဲများပြုလုပ်ခြင်း | | | | | | | | | | | | | | | | | | | | |
| | (က) မျိုးဆက်ပွားကျန်းမာရေး ကိုယ်ဝန်ဆောင်၊ မိခင်ကလေး ကျန်းမာရေး ပညာပေးခြင်း။ | | | | | | | | | | | | | | | | | | | | |
| | (ခ) ကာကွယ်ဆေးထိုးပညာပေးခြင်း | | | | | | | | | | | | | | | | | | | | |
| | (ဂ) ကူးစက်တတ်သောရောဂါများဆိုင်ရာပညာပေးခြင်း | | | | | | | | | | | | | | | | | | | | |
| | (ဃ) မကူးစက်တတ်သောရောဂါများဆိုင်ရာပညာပေးခြင်း | | | | | | | | | | | | | | | | | | | | |
| | (င) တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှု ပညာပေးခြင်း | | | | | | | | | | | | | | | | | | | | |
| | (စ) အခြား | | | | | | | | | | | | | | | | | | | | |
| ၂ | ပညာပေးအထောက်အကူပြု ပစ္စည်းများ ရရှိဖြန့်ဝေခြင်း | | | | | | | | | | | | | | | | | | | | |
| | (က) မျိုးဆက်ပွားကျန်းမာရေး ကိုယ်ဝန်ဆောင်၊ မိခင်ကလေး ကျန်းမာရေး ပညာပေးခြင်း။ | | | | | | | | | | | | | | | | | | | | |
| | (ခ) ကာကွယ်ဆေးထိုးပညာပေးခြင်း | | | | | | | | | | | | | | | | | | | | |
| | (ဂ) ကူးစက်တတ်သောရောဂါများဆိုင်ရာပညာပေးခြင်း | | | | | | | | | | | | | | | | | | | | |
| | (ဃ) မကူးစက်တတ်သောရောဂါများဆိုင်ရာပညာပေးခြင်း | | | | | | | | | | | | | | | | | | | | |
| | (င) တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်မှု ပညာပေးခြင်း | | | | | | | | | | | | | | | | | | | | |
| | (စ) အခြား | | | | | | | | | | | | | | | | | | | | |

ကျေးဇူးတင်ပါတယ်။